# အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရေကြောင်း/လေကြောင်းများမှတစ်ဆင့် တင်သွင်း/တင်ပို့မည့်ကုန်ပစ္စည်းများအား မဟာသင်္ကြန်ရုံးပိတ်ရက်ဖြစ်သော (၁၂.၄.၂၀၂၅)၊ (၁၅.၄.၂၀၂၅)၊ (၁၉.၄.၂၀၂၅)ရက်နေ့တို့တွင် ရုံးချိန်ပြည့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြန်မာနှစ်ဆန်း(၁)ရက်နေ့မှအပ ကျန်ရုံးပိတ်ရက်များတွင် အချိန်ပို (Overtime) လျှောက်ထားလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ အချိန်ပို (Overtime) ဆောင်ရွက်လိုသောကုမ္ပဏီများအနေဖြင့် တင်သွင်း/တင်ပို့လိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုအား (၁၁.၄.၂၀၂၅) ရက်နေ့၊ (၁၄:၀၀) အချိန်ထက် နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည် ဖြစ်ပါသည်။

၄။ Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်း(၁)ရက်နေ့မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန်ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုအား အချိန်ပို(Overtime) ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း (၃) ဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၅။ ထို့အပြင် အရေးပေါ် COVID ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီးတင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက ကုန်ပစ္စည်းထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၆။ ကုန်ပစ္စည်းများတင်သွင်း/တင်ပို့ရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

(က) ညွှန်ကြားရေးမှူး (ထုတ်/သွင်း) - ၀၉-၇၈၄၇၀၇၀၄၀

(ခ) ညွှန်ကြားရေးမှူး (ကာကွယ်ရေး) - ၀၉-၅၁၄၉၃၁၁

(ဂ) ဒုတိယညွှန်ကြားရေးမှူး (ထုတ်ကုန်) - ၀၉-၇၈၅၀၅၅၄၅၆

(ဃ) ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်) - ၀၉-၄၄၅၁၇၉၆၉၈

(င) ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) - ၀၉-၂၀၃၁၆၇၁

(စ) ဒုတိယညွှန်ကြားရေးမှူး (လေဆိပ်) - ၀၉-၅၀၅၈၇၉၂

**အကောက်ခွန်ဦးစီးဌာန**